


# တရားမဲ့နယ်မြေ

## မတရား မြေသိမ်းမှုနှင့်<br>၎င်းတို့၏ တိုးတက်မှုဆိုင်ရာ အဟန့်အတားများအပေါ်<br>မွန်လယ်သမားတို့၏ ဆန့်ကျင်ရှန်းကန်မှုများ


### အစီရင်ခံစာ အကျဉ်းချုပ်

တရားမျှတမှုရှာဖွေရာတွင် လယ်သမားများနှင့်အတူ အတူတကွရှိကြောင်းပြသရန်နှင့် ၎င်းအတူတကွ ရှိမှုကို အလုပ်နှင့်သက်သေပြနိုင်ရန်၊ မျှတသော ရလာဒ်များရရှိသင့်သည့် မြေယာပဋိပက္ခများနှင့်ပတ်သက်သော အဓိက အချက်အလက်များကို မှတ်ချက်ပြုနိုင်ရန်နှင့် မြေယာပြဿနာများအတွက် တရားမျှတမှုရှာဖွေရာတွင် လယ်သမားတို့ ရင်ဆိုင်နေရသော အခက်အခဲ အတားအဆီးများကို ထင်ထင်ရှားရှား ဖော်ထုတ်နိုင်ရန်ရည်ရွယ်ပြီး ဤအစီရင်ခံစာကို ရေးသားထုတ်ဝေရခြင်းဖြစ်သည်။ လွန်ခဲ့သောနှစ်များမှစ၍ လတ်တလောကာလအထိ မြေယာပဋိပက္ခများ ဖြစ်ပွားရာ မွန်ဒေသများတွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မှတ်တမ်းပြု လေ့လာခဲ့သော ဒေသခံလယ်သမားတို့၏ အခက်အခဲများကို ယခုအစီရင်ခံစာတွင် အကြောင်းအရာအလိုက် ဖော်ပြထားသည်။ ၎င်းအပြင် ထိရောက်သော ဖြေရှင်းမှုများ လျင်မြန်စွာ ပေါ်ပေါက်လာစေရန်အတွက် ရည်ရွယ်သော မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ အကြံပြုချက်များကိုလည်း ဤအစီရင်ခံစာတွင် ထည့်သွင်းအကြံပြုထားသည်။


အောက်တိုဘာလ ၂၀၁၃

၂၀၁၁ ခုနှစ်ကတည်းက မြေယာပြဿနာများ ဖြစ်ပွားခဲ့ရာ ဒေသများဖြစ်သည့် မွန်ပြည်နယ် ရေးမြို့နယ်နှင့် ကျိုက်မရောမြို့နယ်တို့မှ ဒေသခံလယ်သမားများသည် မြေယာအခွင့်အရေးအတွက် တက်ကြွစွာ လှုပ်ရှားခဲ့သော်လည်း တိုးတက်မှု အနည်းငယ်ကိုသာ တွေ့မြင်ခဲ့ရသည်။ မှားယွင်းသိမ်းဆည်းယူထားသော မြေယာများ ပြန်လည်ပေးအပ်မှုများတွင် အားနည်းနေသေးသည့်အပြင် လက်ရှိပြဋ္ဌာန်းထားသောလယ်ယာမြေဥပဒေတွင်လည်း လယ်သမားတို့အတွက် မြေယာအခွင့်အရေးများကို အာမခံချက်ပေးထားမှုများ ကင်းမဲ့နေဆဲပင် ဖြစ်သည်။ ဤအချက်များသည် လယ်သမားတို့၏ အခွင့်အရေးများ တိုးတက်မှုအတွက် အဓိကအစက်အခဲများ ဖြစ်သည်။ ဤအစီရင်ခံစာသည် ရေးမြို့နယ်ရှိ စစ်တပ်က သိမ်းယူခဲ့သော မြေယာများနှင့် ကျိုက်မရောမြို့နယ်တွင် ဖြစ်ပေါ်ခဲ့သော ရင်းနှီးမြှုပ်နှံသူကုမ္ပဏီများ၏ တရားမဲ့သည့် လုပ်ဆောင်ချက်များအပေါ် အာရုံစူးစိုက်မှုများ ဖြစ်ပေါ်လာစေရန်လည်း ရည်ရွယ်သည်။



## နောက်ခံသမိုင်း

၁၉၆၂ တွင် လယ်မြေများကို နိုင်ငံတော်ပိုင်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်။ ၁၉၉၇ နောက်ပိုင်းတွင် မြေယာသိမ်းဆည်းမှုမှာ အဆိုးဆုံးအခြေအနေသို့ ရောက်ရှိလာခဲ့သည်။ အစိုးရစစ်တပ်များအပြင် ကျေးရွာအဆင့်အုပ်ချုပ်ရေးမှူးများကလည်း အထက်ညွှန်ကြားချက်ဖြင့် လယ်ယာမြေများကို ကိုယ်စားသိမ်းယူမှုများ ဖြစ်ပွားခဲ့သည်။ ၂၀၁၁ ခုနှစ် မတ်လတွင် အရပ်သားအစိုးရမှ စတင်အာဏာရယူခဲ့သော်လည်း စစ်တပ်က ပြည်သူတို့၏ လယ်ယာမြေများကို ဆက်လက် သိမ်းယူနေသည့်အပြင် ၎င်းတို့နှင့် ငြိမ်းချမ်းရေး ရယူထားသော လက်နက်ကိုင်အဖွဲ့တချို့တို့ကိုလည်း မြေယာစီမံဆောင်ရွက်ခွင့်များကို တစုံတရာ ခွင့်ပြုချက်ပေးခဲ့သည်။ ၂၀၁၂ မတ်လတွင် ပြဋ္ဌာန်းခဲ့သော လယ်ယာမြေဥပဒေကလည်း ရော့ကြေးငွေကိစ္စနှင့်ပတ်သက်၍လည်း ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိသကဲ့သို့ မြေလွတ်မြေရိုင်းဥပဒေကလည်း လက်ဦးမစွ မိရိုးဖလာပိုင်ဆိုင်မှုကို ငြင်းပယ်တန့်သတ်ခဲ့သည်။

## အချက်အလက် စုဆောင်းပုံ

ဤအစီရင်ခံစာပါ အချက်အလက်များကို ၂၀၁၃ ဧပြီလမှ စက်တင်ဘာလအတွင်း စုဆောင်းခဲ့သည်။ နယ်သတင်းထောက် (၅) ဦးကို အသုံးပြုပြီး မွန်ပြည်နယ် ရေး၊ သံဖြူဇရပ်နှင့် ကျိုက်မရောမြို့နယ်များနှင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ်တွင် လူတွေ့မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ လူတွေ့မေးမြန်းမှုပေါင်း (၁၀၀) ခန့် ပြုလုပ်ခဲ့ပြီး ရေးနှင့် ကျိုက်မရောမြို့နယ်များမှ ဒေသခံတောင်သူ (၈၃) ဦးနှင့် ရေဖြူမြို့နယ်မှ ဒေသခံ (၇) ဦးတို့နှင့် တွေ့ဆုံခဲ့သည်။ ရေးမြို့နယ်ရှိ ရွာပေါင်း (၁၄) ရွာနှင့် ကျိုက်မရောမြို့နယ်မှ ရွာ (၅) ရွာသို့ သွားရောက်ခဲ့သည်။ မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်း (၄) ဦး၊ မြေယာစုံစမ်းရေး ကော်မရှင်မှ လွှတ်တော်အမတ် (၂) ဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူး (၅) ဦး၊ ပြည်ထောင်စုအဆင့် ခေါင်းဆောင် (၁) ဦးနှင့် တရားရေးဆိုင်ရာ ကျွမ်းကျင်သူများ မြောက်မြားစွာကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

## လယ်ယာမြေအခွင့်အရေး လှုပ်ရှားမှု (၂၀၁၁-၁၃)



လယ်သမားအများစုက ၎င်းတို့၏ လယ်ယာမြေများ ပြန်လည်ပေးအပ်ရန် ပထမဦးစားပေး တောင်းဆိုခဲ့ပြီး လက်ရှိ အသုံးပြုနေသော အသိမ်းဆည်းခံလယ်မြေများတွက် ကာလပေါက်ဈေးအတိုင်း လျော်ကြေးငွေပေးအပ်ရန် အဆင့်ဆင့် အသနားခံစာဖြင့် တင်ပြတောင်းဆိုကြသည်။ စစ်တပ်၏ သီးစားပြန်ချထားမှုနှင့် ကုမ္ပဏီများ၏ အတင်းအဓမ္မ လက်မှတ်ထိုးခိုင်းမှုများကိုလည်း ဆန့်ကျင်ကြသည်။ ထို့ပြင် ၎င်းတို့ကိုယ်ပိုင်လယ်သမားသမဂ္ဂများ ဖွဲ့စည်းနိုင်ရန်လည်း တဖက်က ကြိုးစားလျက်ရှိကြသည်။

## မြေသိမ်းမှုဖြစ်စဉ်များကို လေ့လာခြင်း

၁၉၉၅ ခုနှစ်နောက်ပိုင်းတွင် အကြီးစားမြေသိမ်းမှုများကို စစ်တပ်က ပြုလုပ်ခဲ့သည်။ ၁၉၉၈ မှ ၂၀၀၉ ခုနှစ်အတွင်း ရေးမြို့နယ်ရှိ မြေဧကပေါင်း (၆၀၀၀) ကျော်ကို စစ်တပ်က သိမ်းယူခဲ့သည်။ စီးပွားရေးကုမ္ပဏီများကလည်း အနည်းငယ်သော လျော်ကြေးငွေများပေးအပ်ပြီး ကျိုက်မရောမြို့နယ်မှ လယ်မြေနှင့်ခြံမြေများကို ဒေသခံတောင်သူများထံမှ သိမ်းယူခဲ့သည်။ စစ်တပ်က ဒေသခံများကို ခွေးခွဲခဲ့သည့်အပြင် ၎င်းတို့မြေယာများကို လက်လွှတ်ရန်ကိုလည်း ခြိမ်းခြောက်ခဲ့သည်။ လျော်ကြေးငွေ ပေးချေရခြင်းမရှိစေရန် အသိမ်းခံမြေများကို မြေလွတ်မြေရိုင်းများအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနက သတ်မှတ်ခဲ့သည်။ နိုင်ငံရေးပါတီများနှင့် မွန်ပြည်သစ်ပါတီကလည်း ဒေသခံတို့၏ မြေယာပြဿနာများကို ကူညီဖြေရှင်းပေးနိုင်ခြင်း မရှိချေ။ ၎င်းအပြင် ပေးချေခဲ့သော လျော်ကြေးငွေများကိုလည်း အာဏာပိုင်များက အလွဲသုံးစားလုပ်ခဲ့ကြသည်။ ၂၀၁၂ မြေယာဥပဒေသစ်တွင်လည်း လျော်ကြေးငွေပေးအပ်ခြင်းအတွက် တိကျသော ညွှန်ကြားချက်များ ဖော်ပြထားခြင်း မရှိချေ။

## မတရားသော မြေသိမ်းမှုများ ကြုံတွေ့နေရသည့် မွန်လယ်သမားတို့အတွက် အဓိက အတားအဆီးများ

### အားနည်းသော ဥပဒေနှင့် မူဝါဒများ

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေသည် လယ်သမားများအား လုံလောက်သော ကာကွယ်မှုကို မပေးသည့်အပြင် လယ်သမားတို့၏ အခွင့်အရေးများကိုလည်း ကန့်သတ်ခဲ့သည်။ အားနည်းသော မြေယာဥပဒေကို အသုံးပြုပြီး စစ်တပ်၏ မြေသိမ်းမှုနှင့် ပတ်သက်သော လယ်သမားတို့၏ တောင်းဆိုမှုကို ရေးအာဏာပိုင်များက ငြင်းပယ်ခဲ့သည်။ မြေအားလုံးကို နိုင်ငံတော်က ပိုင်ဆိုင်သည်ဟူသောအချက်ကို ကိုးကားပြီး "နိုင်ငံတော်စီမံကိန်း" ကို အကြောင်းပြကာ ကျိုက်မရောမြို့နယ်တွင် မြေယာများ သိမ်းယူခဲ့သည်။ ရေးမြို့နယ်တွင် အားနည်းသော မြေယာဥပဒေကိုအသုံးချပြီး ဒေသခံတို့၏ တောင်းဆိုမှုကို အစိုးရက လိုက်လျောပေးရန် ငြင်းဆိုခဲ့သကဲ့သို့ ကျိုက်မရောမြို့နယ်တွင်လည်း "နိုင်ငံတော် စီမံကိန်း" ကို အကြောင်းပြ၍ လယ်သမားများကို လယ်ယာမြေများ အတင်းအဓမ္မ စွန့်လွှတ်စေခဲ့သည်။

၂၀၁၂ လယ်ယာမြေဥပဒေက မိရိုးဖလာ မြေယာပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုခြင်း မရှိသည့်အပြင် လယ်သမားတို့၏ ဥပဒေအထောက်အထား ခိုင်ခိုင်မာမာမရှိသော လယ်ယာမြေများကိုလည်း လျော်ကြေးငွေ ပေးချေရန်မလိုဘဲ သိမ်းယူခွင့်ပြုထားသည်။ ဤအချက်သည် ကုလသမဂ္ဂကြေညာစာတမ်းပါ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို ချိုးဖောက်ခြင်း ဖြစ်သည်။ ရေးမြို့နယ်တွင် တရားဝင် မှတ်ပုံတင်ထားခြင်းမရှိသော မိရိုးဖလာပိုင်လယ်မြေများအတွက် မျှတမှုမရှိသော ဥပဒေကို အသုံးပြု၍ လျော်ကြေးငွေပေးချေရန် ငြင်းဆိုခဲ့သည်။ ကျိုက်မရောမြို့နယ်တွင် Pacific Link Co. Ltd. က မြေယာအသုံးပြုခွင့်လက်မှတ်မရှိသော လယ်ယာမြေများကို ပိုင်ရှင်၏ ရောင်းချရန် သဘောတူညီချက်ကို ရယူရန်မလိုဘဲ သိမ်းယူခဲ့သည်။ ဤအချက်သည် မွန်ဒေသရှိ လယ်ယာမြေများ၏ အနာဂတ်အတွက် စိုးရိမ်ဖွယ်ကောင်းသော အခြေအနေဖြစ်သည်။

## မြေယာဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန် တရားမျှတသော အဖွဲ့အစည်း မရှိခြင်း

မြေယာဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန် တရားမျှတသော အဖွဲ့အစည်း မရှိသည့်အပြင် မြေယာစုံစမ်းစစ်ဆေးရေး ကော်မရှင်၏ လုပ်ဆောင်နိုင်စွမ်းမှာလည်း အကန့်အသတ်ဖြင့်သာ ရှိနေသည်။ အဆုံးအဖြတ်ပေးနိုင်စွမ်းကို ဗဟိုက ချုပ်ကိုင်ထားခြင်းကြောင့် တန်းတူညီမှုများ မရှိဘဲ အကျင့်ပျက် လာဘ်စားမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လျက်ရှိသည်။

ရေးမြို့နယ်တွင် မြေစာရင်းဦးစီးဌာနမှ အရာရှိများက ဒေသခံအာဏာပိုင်များနှင့် ပူးပေါင်းကာ မြေယာတိုင်းတာမှုများကို မမှန်မကန် လုပ်ဆောင်ခဲ့သဖြင့် ဒေသခံများအတွက် တရားမျှတမှုပြန်လည်ရရှိရန် မသေချာတော့ပေ။ ကျိုက်မရောမြို့နယ်တွင်လည်း အစိုးရဝန်ထမ်းများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ဝင်များက စီးပွားရေးကုမ္ပဏီနှင့် ပူးပေါင်းကာ မတရားမြေသိမ်းမှုတွင် ပါဝင်ခဲ့သည်။

## မတရားမြေသိမ်းမှုအတွက် တာဝန်ယူရန် အစိုးရက ပျက်ကွက်ခြင်း

အဆုံးအဖြတ်ပေးနိုင်မှုကို ဗဟိုအစိုးရက ချုပ်ကိုင်ထားသော်လည်း မြေသိမ်းမှုများအတွက် တာဝန်ယူမှုများ မရှိချေ။

အားနည်းသော မြေယာဥပဒေကို အသုံးချပြီး စစ်တပ်က မြေသိမ်းမှုများ ပြုလုပ်ခဲ့ခြင်းအတွက် ရေးမြို့နယ်အစိုးရက တာဝန်ယူရန် ပျက်ကွက်ခဲ့သကဲ့သို့ ကျိုက်မရောမြို့နယ်တွင်လည်း အစိုးရဝန်ထမ်းများက စီးပွားရေးသမားများကို အခွင့်အရေးပေးပြီး မတရားမြေသိမ်းမှု ကျူးလွန်ရာတွင် ပါဝင်အားပေးခဲ့သည်။ မြေသိမ်းမှုဆိုင်ရာ အကြောင်းအချက်အလက်များကိုလည်း လူသိရှင်ကြား အသိပေးခြင်းများ မရှိခဲ့ချေ။




## မြေယာအငြင်းပွားမှုကို ဖြေရှင်းရန် လယ်သမားတို့၏ စွမ်းဆောင်ရည်များ

မြေယာအငြင်းပွားမှုကို ဖြေရှင်းရန်အတွက် လယ်သမားတို့မှာ လက်ရှိအခြေအနေတွင် လုံလောက်သော စွမ်းဆောင်ရည်များ မရှိသေးချေ။ ရေးမြို့နယ် ဒေသခံလယ်သမားများသည် ၎င်းတို့၏ပြဿနာနှင့်ပတ်သက်သော တရားဥပဒေကြောင်းများကို နားလည်ခြင်း မရှိသကဲ့သို့ ကျိုက်မရောဒေသခံများ၏ တရားရေးဆိုင်ရာ ဗဟုသုတ အားနည်းခြင်းကို အခွင့်ကောင်းယူ၍ စီးပွားရေးကုမ္ပဏီများက လယ်ယာမြေများကို လျော်ကြေးငွေ ပေးချေခြင်းမရှိဘဲ သိမ်းယူခဲ့သည်။ နိုင်ငံတော်စီမံကိန်းအတွက် မြေသိမ်းယူပါကလည်း မျှတသော လျော်ကြေးငွေ ပေးချေရန် လိုအပ်ကြောင်း တရားဥပဒေ သတ်မှတ်ချက်ကို မသိရှိသဖြင့် လယ်သမားများမှာ များစွာနစ်နာနေကြရသည်။

ဒေသခံလယ်သမားများသည် စီးပွားရေးဆိုင်ရာ စွမ်းရည်များ မရှိသဖြင့် ကုမ္ပဏီကြီးများနှင့် အကျိုးအမြတ်ဆိုင်ရာ ညှိနှိုင်းမှုများကို ကျွမ်းကျွမ်းကျင်ကျင် မလုပ်ဆောင်နိုင်သောကြောင့် ဆုံးရှုံးမှုများ ကြုံတွေ့နေကြရသည်။ ရေးမြို့နယ်တွင် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံမွန်လယ်သမားများနှင့် ဆက်ဆံပြောဆိုရာတွင် ဗမာစကားကိုသာ အသုံးပြုခဲ့သဖြင့် ဒေသခံလယ်သမားများ အနေဖြင့် ပြဿနာများ ပြည့်စုံစွာ တင်ပြနိုင်ခွင့်ကို ဆုံးရှုံးခဲ့ရသည်။

ကျိုက်မရောမြို့နယ်တွင်လည်း ကုမ္ပဏီဝန်ထမ်းများက ဗမာစကားတစ်မျိုးဖြင့်သာ ညှိနှိုင်းပြောဆိုခဲ့သဖြင့် ဒေသခံများအနေဖြင့် ဘာသာစကားနားလည်မှု အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရ သည်။

## လယ်သမားများ အခွင့်အရေးရရှိရန်အတွက် လက်ရှိအာဏာပိုင်များ၏ အကူအညီ လိုအပ်ခြင်း







လယ်သမားများသည် ၎င်းတို့၏ အခွင့်အရေးများရရှိရန် ၎င်းတို့ဘာသာ မစွမ်းဆောင်နိုင်သဖြင့် လက်ရှိတာဝန်ထမ်းဆောင်နေသော အာဏာပိုင်များက ကူညီပေးရန် လိုအပ်လျက်ရှိသည်။ ယခုအချိန်တွင် ဤကဲ့သို့သော ကူညီမှုမျိုးမျှ မရရှိသဖြင့် လယ်သမားများက အခွင့်အရေး ရရှိရန် သီးခြားရုန်းကန်လှုပ်ရှားနေကြရသည်။ ရေးမြို့နယ်တွင် ကာကွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာနနှင့် မြေစာရင်းဦးစီးဌာနများသည် အခွင့်အရေးချိုးဖောက်သူများဘက်က ရပ်တည်ပြီး အဂတိလိုက်စားမှုများ ပြုလုပ်ခဲ့သည်။ ထို့အတူ ကျိုက်မရောမြို့နယ်တွင်လည်း မြေစာရင်းဦးစီးဌာနနှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့များက ကုမ္ပဏီများကို မတရားမြေသိမ်းမှုများ ပြုလုပ်နိုင်ရန် ကူညီခဲ့ကြောင်း ဒေသခံများထံမှ သိရှိရသည်။

လယ်ယာမြေပြဿနာများတွင် မွန်အမျိုးသား နိုင်ငံရေးပါတီများ၏ ပါဝင်ကူညီမှုကို မြင်တွေ့နေရသော်လည်း လယ်သမားများ အကျိုးအတွက် စစ်မှန်သော အထောက်အပံ့ဖြစ်ရန် မွန်ပြည် လူ့အခွင့်အရေး ဖောင်ဒေးရှင်းက တိုက်တွန်းလိုက်ပါသည်။ ဒေသတွင်း ဩဇာအလွှမ်းမိုးဆုံး အမျိုးသား လက်နက်ကိုင် အဖွဲ့ဖြစ်သည့် မွန်ပြည်သစ်ပါတီကလည်း ဒေသခံလယ်သမားများ ခံစားနေရသော မတရားမှုများကို အကူအညီပေးရန်ကိုလည်း ထပ်မံတိုက်တွန်းလိုက်ပါသည်။

## အကြံပြုချက်များ

သမ္မတဦးသိန်းစိန် ဦးဆောင်သော အစိုးရအဖွဲ့သို့

- နိုင်ငံတော်လိုအပ်ချက်အရ သိမ်းယူသောမြေယာကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းတိကျသော လမ်းညွှန်ချက် ထုတ်ပြန်ရန်
- မိရိုးဖလာလယ်ယာပိုင်ဆိုင်မှုကို အသိအမှတ်ပြုရန်နှင့် မြေယာပိုင်ဆိုင်သူအားလုံး မြေယာပိုင်ဆိုင်ခွင့်လက်မှတ် ရရှိနိုင်အောင် ဆောင်ရွက်ပေးရန်
- မြေယာအငြင်းပွားမှုကို စုံစမ်းစစ်ဆေးရန် အမှီအခိုကင်းပြီး ပွင့်လင်းမြင်သာသော တရားရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခု ခန့်အပ်ဖွဲ့စည်းပေးရန်
- အတိတ်ကာလက သိမ်းယူခဲ့သော မြေယာကိစ္စအတွက် မြေယာပြန်လည်ပေးအပ်ခြင်း သို့မဟုတ် လျော်ကြေးငွေ ပေးချေခြင်း ပြုလုပ်ပေးရန်
- ရင်းနှီးမြှုပ်နှံသူ စီးပွားရေးသမားများ၏ မှားယွင်းသော လုပ်ဆောင်ချက်အားလုံးကို အပြစ်ပေး အရေးယူပေးရန်

မွန်ဒေသအတွင်း လက်ရှိရင်းနှီးမြှုပ်နှံသူများအားလုံးသို့

- သိမ်းယူခဲ့သော လယ်ယာမြေများအတွက် တာဝန်ယူ ဆောင်ရွက်ပေးရန်နှင့် လယ်ယာမြေကိစ္စ ညှိနှိုင်းရာတွင် မွန်ဘာသာစကား ပြောကြားသူများကို အသုံးပြုရန်
- ဇေကမ္ဘာကုမ္ပဏီ၊ Pacific Link Cement Industries Ltd. နှင့် June Industry Co. Ltd. တို့အနေဖြင့် လုပ်ဆောင်နေသော စီမံကိန်းအားလုံးနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှု ရှိစေရန်

## အကြံပြုချက်များ

- ဇေကမ္ဘာကုမ္ပဏီ၊ Pacific Link Cement Industries Ltd. နှင့် June Industry Co. Ltd. တို့အနေဖြင့် လုပ်ဆောင်နေသော စီမံကိန်းအားလုံးနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှု ရှိစေရန်

ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ အစိုးရဆိုင်ရာဌာနများနှင့် စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များသို့

- အကျင့်ပျက် ခြစားမှုများကို အဆုံးသတ်ရန်နှင့် လယ်သမားအခွင့်အရေးများကို ကာကွယ်ပေးရန် မြေယာစုံစမ်းစစ်ဆေးရေးကော်မရှင်နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်

မွန်နိုင်ငံရေးပါတီများနှင့် လက်နက်ကိုင် အဖွဲ့အစည်းများအားလုံးသို့

- ငြိမ်းချမ်းရေးဖြစ်စဉ်ဖြင့် လယ်သမားတို့ အခွင့်အရေးရရှိအောင် ကူညီဆောင်ရွက်ရန်၊ လယ်သမားများကိုယ်စား တောင်းဆိုမှုများ ပြုလုပ်ပေးရန်နှင့် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲတွင် လယ်သမားအခွင့်အရေးကို ထည့်သွင်းဆွေးနွေးရန်

အစိုးရ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့၊ နိုင်ငံရေးပါတီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူထုအခြေပြု အဖွဲ့အစည်းများအားလုံးသို့

- မြေယာအငြင်းပွားမှုကို ဖြေရှင်းနိုင်ရန် လယ်သမားများ၏ စွမ်းရည်များကို ကူညီမြှင့်တင်ပေးရန်နှင့် ဥပဒေရေးဆိုင်ရာ စီးပွားရေးဆိုင်ရာ စွမ်းရည်များ မြင့်တက်လာစေရန် သင်တန်းများ ဖွင့်လှစ်ပေးရန်

မွန်ပြည်နယ်အတွင်းရှိ လယ်သမားများအားလုံးသို့

- ရိုးသားမှန်ကန်သော အချက်အလက်များ ပေးအပ်ခြင်းဖြင့် မြေယာအငြင်းပွားမှု စုံစမ်းရေးတွင် ပါဝင်ပူးပေါင်းရန်

နိုင်ငံတကာအသိုင်းအဝိုင်းများသို့

- မြေယာသိမ်းယူမှုတွင် လယ်သမားတို့၏ အခွင့်အရေးများကို ကာကွယ်ပေးရန်အတွက် ဦးသိန်းစိန်ဦးဆောင်သော အစိုးရကို ဖိအားပေးရန်
- နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အထူးသဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ဘိလပ်မြေလုပ်ငန်း တည်ထောင်ရန် စီစဉ်နေသော Siam Cement Group အနေဖြင့် တာဝန်ယူမှု အပြည့်အဝရှိစေရန်အတွက် အားပေးမြှင့်တင်ရန်

### မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်၊
လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမို ပျံ့နှံ့သိရှိနိုင်စေရန်၊
လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေး လှုံ့ဆော်ရန်၊
လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

Human Rights Foundation of Monland - Burma

P.O Box 2237, General Post Office, Bangkok 10501, Thailand